# မြန်မာခရစ်ယာန် မိတ်သဟာယ လူငယ်အသင်း၏ သမိုင်းအကျဉ်းချုပ်

ယခုမူကား၊ ဘုရားသခင်၌ အလင်းဖြစ်ကြ၏။ အလင်း၏သားကဲ့သို့ ကျင့်နေကြလော့။
( ဧဖက် ၅း၈ )

ရှေးဦးစွာ အဘဘုရားသခင်၏ ကျေးဇူးတော်ကို အထူးချီးမွမ်း၍ မြန်မာခရစ်ယာန် မိတ်သဟာယ လူငယ်အသင်း၏ ( ၃၃ )နှစ်မြောက် နှစ်ပတ်လည်ကို ဝမ်းမြောက်စွာကြိုဆိုပါသည်။ မြန်မာခရစ်ယာန်မိတ်သဟာယ လူငယ်အသင်း၏ ခေတ်အဆက်ဆက် လူငယ်မောင်မယ်များ၏ အခန်းဂဏ္ဍမှာ အထူးပင် အရေးပါလှသည်။ အသင်းတော်၏ အနာဂါတ်ခေါင်းဆောင်များ ဖြစ်ကြ သော ဤလူငယ်မောင်မယ်များသည် မိမိတို့ရှိသမျှ အစွမ်းအစများကို အဘဘုရားသခင်၏ နိုင်ငံ တော်အတွက် တစ်ဖက်တစ်လမ်းမှ နိုးကြားစွာ အမှုတော်မြတ်ကို ဘုရားသခင်၏ အလိုတော်နှင့် အညီ ထမ်းဆောင်လျက် ရှိနေသည်မှာ အားရကျေနပ် စရာပင် ဖြစ်သည်။ ၁၉၈၀ ခုနှစ် ဩဂုတ်လ ၁၆ ရက်၊ စနေနေ့ ညနေ ၆း၃၀ အချိန်မှစ၍ မြန်မာခရစ်ယာန် လူငယ်မောင်မယ် တစ်စုသည် Ma June Chen ၏ နေအိမ်မှစတင်ကာ မြန်မာမိတ်သဟာယ လူငယ်အသင်း စတင်ပေါ် ပေါက် ခဲ့ပေသည်။Burmese Christian Young Adult အမည်နှင့် ဖွဲ့စည်းခဲ့သော်လည်း လူငယ်များ ပါဝင်နိုင်ရန် ရည်ရွယ်၍ Burmese Christian Youth Fellowship အမည်ဖြင့် အလိုတော် ကိုဝန်ခံလျက် ဖွဲ့စည်းခဲ့ပါသည်။

ထိုအဖွဲ့တွင်ပါဝင်သောအမှုဆောင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | |
|---|---|
| သဘာပတိ | Billy Wong |
| ဒု–သဘာပတိ | Robin Htin Nam |
| အတွင်းရေးမှူး | Pearl Ang |
| ဘဏ္ဍာထိန်း | Junie Nakamura |
| အကြံပေးအရာရှိ | Mr. Wilfred Tong, Dr. Anthony Lee တို့ဖြစ်ပါသည်။ |

ယခုလက်ရှိ မြန်မာမိတ်သဟာယ လူငယ်အသင်းအနေဖြင့် လက်လှမ်းမှီသ၍ မှတ်တမ်း များအရ၊ ၁၉၈၀ ခုနှစ်များအတွင်း လူငယ်အသင်းအား ဦးဆောင်ဦးရွက်ပြု၍ လမ်းပြခဲ့ကြသော လူငယ့်ခေါင်းဆောင် ဥက္ကဋ္ဌများမှာ –

Ko Billy Wong
Ko Robin Htin Nam
Ko Julius Lim
Ma Nancy Lim
Ko Mark Chen
Ma Joyce Lim
Ko Mooler Ang တို့ဖြစ်ကြပါသည်။

ဤလူငယ်ခေါင်းဆောင်များ၏ ကြိုးပမ်းမှုနှင့် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် မြန်မာမိတ်သဟာယ လူငယ်အသင်းအနေဖြင့် ဘုရားသခင်ရှေ့၊ လူအများရှေ့တွင် မျက်နှာရကာ ဘုရားသခင်၏ ဘုန်းတော်ထွန်းလင်းစေရန် အစဉ်တစိုက် ရှိခဲ့ကြပါသည်။

၁၉၉၀ ခုနှစ်များ အတွင်းတွင် အဘဘုရားသခင်၏ လမ်းပြပို့ဆောင်မှုကြောင့် မြန်မာခရစ် ယာန်မိတ်သဟာယ လူငယ်အသင်းသည် မျိုးဆက်သစ်များ မွေးထုတ်ကာ အမှုတော်မြတ်ကို တစ်မူ ထူးခြား နိုးကြား တက်ကြွစွာ ထမ်းဆောင်နိုင်ခဲ့ပေသည်။

၁၉၉၄ ခုနှစ် မှစ၍ ဇူလိုင်လ၏ နောက်ဆုံး တနင်္ဂနွေနေ့ ကို လူငယ်များနေ့ အဖြစ် သတ်မှတ်ကာ လူငယ်များနေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲ ဖြစ်သည်။ ဤသည်မှာ အဘဘုရားရှင်၏ ကောင်းကြီးပေးမှုနှင့် လူငယ်များ၏ နိုးကြားတက်ကြွသော ပင်ကိုယ်စွမ်းရည် များကြောင့် အသင်းတော်၏သမိုင်းတွင် ပေါ်လွင်ထင်ရှားစွာ မှတ်တိုင်တစ်ရပ် ထူနိုင်ခဲ့ပေသည်။

၁၉၉၀ ခုနှစ်များအတွင်း လူငယ်အသင်းအား ဦးဆောင်ခဲ့ကြသော ဥက္ကဌများမှာ–

Ko Tom Wan
Ma Nora Lim
Ko Mya Oo
Ko Andrew Htoo
Ko Arthur Phu
Ko Shian H. Ma တို့ ဖြစ်ကြပါသည်။

မြန်မာခရစ်ယာန်မိတ်သဟာယ လူငယ်အသင်းသည် ၂၀ ရာစုကို ဖြတ်သန်းကာ၊ ယခု ၂၁ ရာစု ထဲတွင် ဘုရားသခင်၏ အမှုတော်မြတ်ကို ပို၍တိုး၍ ထမ်းဆောင်လျက် ၂၀၀၅ ခုနှစ် လူငယ် အသင်း၏ ၂၅ နှစ်မြောက် ငွေရတု ယုဘိလသဘင် ချီးမွမ်းခြင်း အစီအစဉ်ကို ဇူလိုင်လ ၃၀ နှင့် ၃၁ ရက်နေ့များတွင် စည်ကားသိုက်မြောက်စွာ ကျင်းပခဲ့ပါသည်။

၂၀၀၀ ခုနှစ်များ၏ လူငယ်ခေါင်းဆောင် ဥက္ကဌများမှာ –

Ko Shian H. Ma
Ko Kyaw Swa Shinn
Ko James Tong
Naw Reena Aye
Zarni Shinn တို့ဖြစ်ကြပါသည်။

၂၀၁၀ ခုနှစ်များ၏ လူငယ်ခေါင်းဆောင် ဥက္ကဌမှာ –

Kendrick Lim ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်တွင် မြန်မာခရစ်ယာန်မိတ်သဟာယလူငယ်အသင်းသည် (၃၃)နှစ် သက်တမ်း ရှိပါပြီ။

ကျွန်ုပ်တို့၏ မြန်မာခရစ်ယာန်မိတ်သဟာယ လူငယ်အသင်းအား အဖက်ဖက်မှ ဝိုင်းဝန်း ကူညီထောက်ပံ့ ပေးကြသော အဖသင်းအုပ်ဆရာကြီး နှင့်တကွ ဆရာ၊ ဆရာမများမှအစ ညီအစ် ကိုမောင်နှမ အယောက်စီတိုင်းအား အထူးကျေးဇူးတင်ရှိကြောင်းနှင့် လူငယ်များ၏ ဖွံ၊ လုံ ့လ၊ ဝိရိယ၊ စွမ်းရည် နှင့် ညာဏ်ရည် တို့အပေါ် အဘဘုရားသခင် အစဉ်အမြဲ စောင့်ရှောက်ကောင်း ကြီးပေးပါစေ။ နိုင်ငံတော်ကျယ်ပြန် ့စေရန် သာ၍ တိုး၍ အမှုတော်မြတ်၌ ထမ်းဆောင်နိုင်ကြပါစေ ကြောင်း အထူးဆုမွန်ကောင်း တောင်းကာ ဤမြန်မာခရစ်ယာန် မိတ်သဟာယလူငယ်အသင်း၏ အမိုင်းအကျဉ်းချုပ်အား နိဂုန်းချုပ်အပ်ပါသည်။

အမှုတော်မြတ်၌၊
မြန်မာခရစ်ယာန်မိတ်သဟာယလူငယ်အသင်း
ဇူလိုင်လ၊ ၂၀၁၃ ခုနှစ် ။